## မသန်စွမ်းလူထု၏အခွင့်အရေးများအား တားဆီးပိတ်ဆို့ကန့်သတ်နေမှုများအပေါ်

## မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)၏ သဘောထားထုတ်ပြန်ကြေငြာချက်

ရက်စွဲ - ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်

၁။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံအတွင်းရှိ ၂.၃ သန်းသော မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ ရပိုင်ခွင့်များကို ဖော်ဆောင်မြှင့်တင်ပေးရန် သန္နိဋ္ဌာန်ချမှတ်၍ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်-ဥပဒေအမှတ် (၃၀)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ၎င်းအပြင် နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းလူထု၏အခွင့်အရေးများကို မြန်မာနိုင်ငံအတွင်း တိုးမြှင့်ကာကွယ်၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်၍ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင်လည်းကောင်း၊ အာရှ-ပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ အင်ချွန်းလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်နေ့တွင်လည်းကောင်း၊ မသန်စွမ်းသူများဆိုင်ရာ ဘာလီကြေငြာချက်နှင့် အာဆီယံဆယ်စုနှစ် လုပ်ငန်းစဉ်များကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့တွင်လည်းကောင်း ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့်အတူ ပါဝင် ကတိကဝတ်ပြု လက်မှတ်ရေးထိုး၊ သဘောတူညီထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အွန်လိုင်းစာမျက်နှာအချို့တွင် မသန်စွမ်းသူများ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ဆိုးရွားစွာ ထိခိုက်ဆုံးရှုံးစေသည့်၊ ဌာနဆိုင်ရာအဖွဲ့အစည်းအချို့က ထုတ်ပြန်သည်ဟု ဖော်ပြသည့် မူဝါဒဆိုင်ရာ ရေးသားထုတ်ပြန်ချက်များ ပျံ့နှံ့ဖော်ပြလျက်ရှိသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) အနေဖြင့် ၎င်းသတင်းအရင်းအမြစ်များ ထွက်ပေါ်လာရာ အကြောင်းရင်းဇစ်မြစ်ကို လေ့လာစီစစ်ပြီး သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက အမှန်တကယ် ထုတ်ပြန်ခဲ့ခြင်း ဟုတ်မဟုတ် စတင်လေ့လာဆောင်ရွက်လျက်ရှိပါသည်။

၄။ ၎င်းကိစ္စရပ်များသည် အမှန်တကယ်ဖြစ်ပေါ်ခဲ့သည်ဟု တွေ့ရှိရပါက တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်နှင့် တွေ့ဆုံတင်ပြ၍ ဥပဒေဘောင်အတွင်း မသန်စွမ်းသူများ၏အခွင့်အရေးရှုထောင့်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အကယ်၍ ၎င်းကိစ္စရပ်သည် အမှန်တကယ်ဖြစ်ပေါ်ခဲ့ခြင်းမရှိပဲ မသန်စွမ်းလူထုနှင့် ဌာနဆိုင်ရာများအကြား ပဋိပက္ခဖြစ်စေရန်နှင့် ပြည်သူလူထုအကြား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်သည့် ကိစ္စဖြစ်ပါက ယင်းသတင်းအား မူလတင်ပြခဲ့သူ၏ ပင်မဇစ်မြစ်ကို လေ့လာပြီး ထိုက်သင့်သည့် ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ မည်သို့ပင်ဖြစ်စေ၊ မည်သူက ထုတ်ပြန်ခဲ့သည်ဖြစ်စေ၊ အများပြည်သူအကြား အွန်လိုင်းစာမျက်နှာများတွင် ပျံ့နှံ့နေသော မူဝါဒဆိုင်ရာ ထုတ်ပြန်ချက်များ၊ ရေးသားဖော်ပြချက်များသည် ချက်ချင်းလက်ငင်းတွင် မြန်မာ့လူ့အဖွဲ့အစည်း၏ မိသားစုဝင် မသန်စွမ်းလူထု၏ ပုံရိပ်ကို ဆိုးရွားစွာ ထိခိုက်စေပြီး ၎င်းတို့၏အခွင့်အရေးများကို ဟန့်တား၊ ပိတ်ဆို့၊ နှောက်ယှက်၊ ကန့်သတ်၊ ခွဲခြားဆက်ဆံရာ ရောက်စေပါသည်။

၇။ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်တွင် လုံးဝဥဿုံ ချွတ်စွတ်တူသည့် လူသား တစ်ဦးတစ်ယောက်မျှ မရှိပါ။ ထို့အတူ မသန်စွမ်းသူများ၏ ကိုယ်အင်္ဂါ၊ ဉာဏ်ရည်အခြေအနေများသည် သာမန်လူများနှင့် မတူညီခြင်းသည် အထူးအဆန်းမဟုတ်သလို ပြဿနာတစ်ရပ်လည်း မဟုတ်ပါ။ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံသည့် စိတ်ထားများကသာ ကျွန်ုပ်တို့ မသန်စွမ်းလူထုအတွက် ပြဿနာဖြစ်နေပါသည်။ No Man is Perfect. ကမ္ဘာပေါ်တွင် အရာရာတိုင်း၌ ပြီးပြည့်စုံသော လူသား တစ်ဦးတစ်ယောက်မျှမရှိပါ။ လူတိုင်းတွင် ချို့ယွင်း/အားနည်းချက်ကိုယ်စီရှိသလို အားသာချက်/စွမ်းဆောင်နိုင်မှုများလည်း ကိုယ်စီရှိပါသည်။ ဤအခြေအနေတွင် မသန်စွမ်းသူများ ၏ အားသာချက်/စွမ်းဆောင်နိုင်မှုများကို အသိအမှတ်မပြုပဲ လျစ်လျူရှု မျက်ကွယ်ပြုပြီး အားနည်းချက်ကိုသာလျှင် ရွေးထုတ်၊ ကန့်သတ်ကာ လူ့အဖွဲ့အစည်းပြင်ပ တွန်းပို့ခြင်းသည် ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က ယုံကြည်ထားပါသည်။ သူမတူအောင် စွမ်းဆောင်ပြီး လူ့အဖွဲ့အစည်းကို ကြီးမားစွာ အကျိုးပြုခဲ့သည့် စတီဗင်ဟော့ကင်း၊ သောမတ်အယ်လ်ဗာ အက်ဒီဆင်၊ စတီဗင်ဝမ်းဒါး၊ တွမ်ခရုစ်၊ ဟယ်လင်ကဲလား အစရှိသည့် ကမ္ဘာကျော် သိပ္ပံပညာရှင်များ၊ အနုပညာရှင်များ၊ စာရေးဆရာကြီးများသည် မသန်စွမ်းသူများ ဖြစ်ကြပါသည်။ ထို့အတူ မြန်မာ့သမိုင်းတွင် ထင်ပေါ်ကျော်ကြားခဲ့သည့် စလေဦးပုည၊ ရေမန်ကန်းကဲ့သို့သော ကိုယ်အင်္ဂါချို့ယွင်းအားနည်းသည့် ပုဂ္ဂိုလ်များ ရှိခဲ့သလို ယနေ့ခေတ် မြန်မာနိုင်ငံတွင်လည်း မိသားစုအကျိုး၊ ရပ်ရွာလူထုအကျိုး၊ လူမှုဘဝ ဖွံ့ဖြိုးမှုအကျိုးကို တဘက်တလမ်းက စွမ်းဆောင်ပေးနေသည့်

မသန်စွမ်းသူများလည်း များစွာ ရှိနေပါသည်။ အိုင်တီခေတ်၊ ပညာခေတ်တွင် ကာယအားထက် ဉာဏအားကို ပိုမိုအားပေးလာသည့် ၂၁ ရာစု အချိန်အခါသမယတွင် **'ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်'** ဟူသော ခေတ်နောက်ပြန်ဆွဲသည့် အတွေးအခေါ်ဟောင်းများ၊ လုပ်ဆောင်ချက်များကို အတွေးအခေါ်မြင့်မားသည့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းနှင့် မသန်စွမ်းသူများက လက်မခံနိုင်ပါ။ **လူသတ်၊ ဖုံးခွဲပြီး လူ့အဖွဲ့အစည်း အကျိုးယုတ်အောင် လုပ်နေသော သန်ပြီး စိတ်ဓါတ်မစွမ်းသည့်လူများထက် "မသန်သော်လည်း စွမ်းကြသည့် မသန်စွမ်းသူများ"** ကို ပိုမို အသိအမှတ်ပြုအားပေးရမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က နေပြည်တော် ပညာရေးညီလာခံ (၂၀၁၆) တွင် ပြောကြားထားပြီးဖြစ်ပါသည်။

၈။ သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံတပှမ်းရှိ မသန်စွမ်းလူထု၏ အရေးကိစ္စများကို ဦးစားပေးဆောင်ရွက်လျက်ရှိသော မသန်စွမ်းသူများကိုယ်တိုင် ဦးဆောင်သည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့- မီလီ (Myanmar Independent Living Initiative-MILI)အနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးနှင့် စွမ်းဆောင်မှုအပေါ် ခွဲခြားဆက်ဆံရာရောက်သည့် မည်သည့်ရေးသားဖော်ပြချက်၊ ဆောင်ရွက်ချက်ကိုမျှ လက်မခံပါ။ ယခုရက်ပိုင်းအတွင်း အွန်လိုင်းစာမျက်နှာများတွင် ပျံ့နှံ့နေသည့် ပူးတွဲဖော်ပြပါ ဖော်ပြချက်များနှင့်ပါတ်သက်၍ ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချပါသည်။ မိမိတို့အဖွဲ့အနေဖြင့် တရားဥပဒေဘောင်အတွင်းမှ ရရာနည်းလမ်းများကို အသုံးချပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သလို ပြည်ထောင်စုအဆင့် နိုင်ငံတော်အဖွဲ့အစည်းများအပါအဝင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၊ အခြားအင်အားစုများ၊ အသင်းအဖွဲ့များနှင့်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုကို လက်မခံ၊ ငြင်းပယ်ကာ တရားမျှတပြီး ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့လူ့အဖွဲ့အစည်းကို ဦးတည် တည်ဆောက်သွားလိုသည့် ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ကွန်ယက်များအနေဖြင့် ကျွန်ုပ်တို့ မသန်စွမ်းလူထုနှင့်အတူ ပူးပေါင်းပါဝင်ကာ ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ကြပါရန် လေးနက်စွာ တိုက်တွန်းတောင်းဆိုအပ်ပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)**

ပုသိမ်ပညာရေးကောလိပ်

D.T.Ed (၂၀/၀၆) ပညာသင်နှစ် သင်တန်းတက်ရောက်ကြရမည့်သူများ၏

ကိုယ်ရည်ကိုယ်သွေးသတ်မှတ်ချက်

- Tattooထိုးထားသော ကျောင်းသားကျောင်းသူများ
- Disable ကျောင်းသားကျောင်းသူများ
- မိန်းမလျာများ၊ ယောကျ်ားလျာများ
- ပိုလီယိုခြေဖူးလက်ပူး၊ခြေပွားလက်ပွား၊ မျက်စိစွေစောင်း၊ ကျောက်မျက်လုံး
- အရပ် ၄-၁၀၊ ၈- လက်မ အောက် ကျောင်းသားကျောင်းသူများ
- နေ့စဉ် နံနက်တိုင်း ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများမလုပ်နိုင်သူများ
- ကျန်းမာရေးမကောင်းမွန်သူများ
- သင်တန်းခေါ်ယူစဉ်ကသတင်းစာပါအချက်အလက်များနှင့်မကိုက်ညီသူများ

သင်တန်းတက်ရောက်ခွင့်ပြုမည် မဟုတ်ကြောင်း အသိပေး အကြောင်းကြားပါသည်။

No Discrimination

ဆင့်တန်းသားလက်ခံစိစစ်ရေးအဖွဲ့
ပုသိမ်ပညာရေးကောလိပ်

* တက်ရောက်ခွင့်ရရှိသူများ တနင်္လာနေ့ (၂၁. ၁၁. ၁၆) ရက်နေ့ နံနက် (၁၁) နာရီ အရောက် မြို့နယ်ပညာရေးမှူးရုံးသို့ လာရောက်ရန်။

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်

## လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၂၁/၁၆)

## ဝင်ခွင့်ရသူများအတွက် ညွှန်ကြားချက်

၁။ သင်တန်းဝင်ခွင့်ရသူများသည် မိမိတက်ရောက်ရမည့် ပညာရေးကောလိပ်များသို့ ၂၀၁၆-ခုနှစ် နိုဝင်ဘာလ ၂၇ ရက်ထက်မစော ဒီဇင်ဘာလ ၁ ရက်ထက် နောက်မကျစေဘဲ အရောက်သွား၍ သတင်းပို့ရမည်။

၂။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှထုတ်ပေးသောအောင်လက်မှတ်မူရင်းနှင့်မိတ္တူ၊ အမှတ်စာရင်းမူရင်း၊ဆေးလက်မှတ်မူရင်း၊ကာယကံရှင်နှင့်မိဘနှစ်ပါး၏နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူများကို သင်တန်းဝင်ခွင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပြီးမိဘ(သို့မဟုတ်)အုပ်ထိန်းသူ ကိုယ်တိုင်အပ်နှံရမည်။ မိဘကွယ်လွန်ပါက ကွယ်လွန်ပြီးကြောင်းထောက်ခံစာတင်ပြရမည်။

၃။ သက်ဆိုင်ရာပညာရေးကောလိပ်တွင် သတင်းပို့သည့်အခါ လူတွေ့စစ်ဆေး၍ ကိုယ်လက်အင်္ဂါချို့ယွင်းသူများ၊ ကျား/မ ပီသမှုမရှိသူများ၊ ဆရာတစ်ဦးတွင် ရှိသင့်ရှိထိုက်သောကိုယ်ရည်ကိုယ်သွေးမရှိသူများကို သင်တန်းမှ ပြန်လည်စေလွှတ်မည်။

၄။ သင်တန်းဝင်ခွင့်ရသူအားလုံးသည် သင်တန်းအဆောင်တွင် နေထိုင်ရမည်ဖြစ်၍ အိပ်ယာလိပ်၊ခြင်ထောင်၊ကျောင်းဝတ်စုံ၊ကာယဝတ်စုံ၊ အဝတ်အစား၊ ရေချိုးခန်းသုံးပစ္စည်းများ ယူဆောင်လာရမည်။

၅။ သင်တန်းချိန်သည်နံနက်(၆း၀၀)နာရီမှ(၈း၀၀)နာရီထိ လည်းကောင်း၊ နံနက်(၉း၀၀) နာရီမှ ညနေ(၄း၃၀)နာရီထိ လည်းကောင်း သတ်မှတ်ထား၍ သင်တန်းချိန် အပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။အမှန်တကယ် နေမကောင်းဖြစ်ပါက အဆောင်မှူး၏ ထောက်ခံချက်ဖြင့် ခွင့်တင်ပြနိုင်သည်။ ကျောင်းတက်ချိန် အနည်းဆုံး ၉၀%ရှိမှသာ စာမေးပွဲဖြေဆိုခွင့်ရှိသည်။

၆။ ပညာရေးကောလိပ်တွင်တက်ရောက်စဉ်ကာလအတွင်းအခြားမည်သည့်သင်တန်းကိုမှ တက်ရောက်ခွင့်မပြုပါ။

၇။ သင်တန်းကို (၂)နှစ် ဆက်တိုက် တက်ရောက်ရမည် ဖြစ်ပြီး သင်တန်းမပြီးဆုံးမီ နှုတ်ထွက်ပါကသတ်မှတ်ထားသောလျော်ကြေးငွေနှင့်စားစရိတ်များပေးသွင်း ရမည် ဖြစ်သည်။

၈။ ကျောင်းစည်းကမ်း၊အတန်းစည်းကမ်းနှင့်ကျောင်းဆောင်စည်းကမ်းများကို တိကျစွာ လိုက်နာရမည်။ စည်းကမ်းတစ်စုံတစ်ရာ ချိုးဖောက်ပါက စည်းကမ်း ထိန်းသိမ်းရေး ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီအရေးယူခြင်း ခံရမည်။

၉။ သင်တန်းကျရှုံးပါက မိမိအစီအစဉ်ဖြင့် ပြင်ပတွင်နေထိုင်ပြီး ထိုသင်တန်းနှစ်ကို ပြန်လည်တက်ရောက်ရမည်။ ပြန်လည် မတက်ရောက်ပါက ယခင်တက်ရောက်ခဲ့သည့် သင်တန်းကာလအတွက်သတ်မှတ်ထားသည့်လျော်ကြေးငွေနှင့် စားစရိတ်ကိုပြန်လည် ပေးသွင်းရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)

# အမှတ်စဉ်(၄/၁၇) သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ် (၄/၁၇)သင်တန်းကို ပညာရေးကောလိပ်များတွင် ၂၀၁၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူနှင့် မိဘ(၂)ဦးလုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာတွင် လိုအပ်ချက်အရ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း)ရရှိပြီးသူဖြစ်ရမည်။

(ဂ) မြင်ပဘွဲ့ရများအတွက် ၂၀၁၇ ခုနှစ် မေ ၃၁ ရက် အသက် ၃၀ ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၁၇ ခုနှစ် မေ ၃၁ ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ် (၄/၁၇) သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာ ပညာရေးခရိုင်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

(င) ကျန်းမာသန်စွမ်းပြီး ဆရာတစ်ဦး၏ သွင်ပြင်အင်္ဂါရပ်နှင့်ပြည့်စုံ၍ မည်သည့် ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူ ဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်ရပါ။

၃။ သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။